# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်နယ်အစိုးရအဖွဲ့

# မွန်ပြည်နယ်

## မွန်ပြည်နယ်ငါးလုပ်ငန်းနည်းဥပဒေ

**(၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့နည်းဥပဒေအမှတ် ၈/၂၀၁၅)**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

**မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁-၁ |
| ၂ | အခန်း (၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁-၃ |
| ၃ | အခန်း (၂)<br>အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၃-၁၂ |
| ၄ | အခန်း (၃)<br>နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၂-၁၄ |
| ၅ | အခန်း (၄)<br>တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၄-၂၃ |
| ၆ | အခန်း (၅)<br>ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၃-၂၉ |
| ၇ | အခန်း (၆)<br>မိတ္တူလျှောက်ထားခြင်း | ၂၉-၂၉ |
| ၈ | အခန်း (၇)<br>အငှားဂရန်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ | ၃၀-၃၇ |
| ၉ | အခန်း (၈)<br>တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ | ၃၇-၄၀ |
| ၁၀ | အခန်း (၉)<br>ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်<br>ဆောင်ရွက်ပိုင်ခွင့်များ | ၄၀-၄၁ |
| ၁၁ | အခန်း (၁၀)<br>ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၄၁-၄၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂ | အခန်း (၁၁)<br>ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၄၆-၄၈ |
| ၁၃ | အခန်း (၁၂)<br>ကြွေးကျန်များ ကောက်ခံခြင်း | ၄၈-၅၁ |
| ၁၄ | အခန်း (၁၃)<br>အထွေထွေ | |
| ၁၅ | နောက်ဆက်တွဲပုံစံများ | ၅၂-၅၆ |


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**နည်းဥပဒေအမှတ်၊ ၈/ ၂၀၁၅**

**အမိန့်ကြော်ငြာစာအမှတ်၊ ၂၃ / ၂၀၁၅**

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**

**၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်**

မွန်ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေ အမှတ် ၄၊ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၆၃ ၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မွန်ပြည်နယ်ငါးလုပ်ငန်းနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဥပဒေ ဆိုသည်မှာ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ကိုဆိုသည်။

(ခ) နည်းဥပဒေ ဆိုသည်မှာ ဤမွန်ပြည်နယ်ငါးလုပ်ငန်း နည်းဥပဒေ

များကို ဆိုသည်။

(ဂ) တင်ဒါငါးဖမ်းကွက် ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ငါးဖမ်းကွက်ကို ဆိုသည်။

(ဃ) တင်ဒါလိုင်စင် ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်တွင် အထိအမိကောင်းသော ငါးဖမ်းကွက်များကို တင်ဒါငါးဖမ်းကွက်များ သတ်မှတ်၍ ရောင်းချပြီး လုပ်ကိုင်ခွင့်ပြုခြင်း ကိုဆိုသည်။

(င) တင်ဒါချက် ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကွက် သတ်မှတ်ပြီး ငါးဖမ်းကိရိယာ တစ်မျိုးမျိုးဖြင့် ဈေးပြိုင်ဝယ်ယူ လုပ်ကိုင်ခွင့်ပြုထားသော ငါးဖမ်းလုပ်ငန်းကိုဆိုသည်။

(စ) အထူးတင်ဒါချက် ဆိုသည်မှာ သံလွင်မြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ် အတွင်းရှိ ငါးအထိအမိ ကောင်းသော ငါးဖမ်းကွက်များအား ကော်မတီမှ သီးခြားရောင်းချနိုင်ရန် သတ်မှတ်ထားသော ငါးဖမ်းကွက်ကို ဆိုသည်။

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် ကြေးတိုင်အင်း ဆိုသည်မှာ အင်းများ ငါးထုတ်လုပ်မှု ရေရှည်ကောင်းမွန်စေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် အင်းများကို ပြင်ဆင်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချန်လုပ်ခြင်းများကို (၃)နှစ်၊ (၆)နှစ်၊ (၉)နှစ် နှစ်ရှည်လုပ်ကိုင်ခွင့် ပြုခြင်းကိုဆိုသည်။

(ဇ) အငှားဂရန် ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။



(ဈ) အခိုင်အမာအတားအဆီး ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်း မဟုတ်ဘဲ ငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာ အဟန့်အတားဖြစ်စေရန် လူတို့က အခိုင်အမာပြုလုပ်ထားသော အတားအဆီး တစ်ခုခုကို ဆိုသည်။

(ည) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသော ပုံစံကိုဆိုသည်။

(ဋ) ဂရန်ပိုင်ရေနက်ကွင်း ဆိုသည်မှာ ၁၉၉၁ ခုနှစ်၊ ငါးလုပ်ငန်းဥပဒေ အတည်မပြုမီကာလ အင်းအိုင်ဇရိယာနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်းရှိ ရေပြင်များကိုဆိုသည်။

## အခန်း (၂)

## အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းတစ်ခုခုအတွက် အငှားဂရန် လျှောက်ထားခြင်း၊ အငှားဂရန် ထုတ်ပေးခြင်း ဆောင်ရွက်နိုင်ရန်အတွက် ဂရန်အင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို နှစ်စဉ် ဧပြီလ (၁)ရက်မှ ဇူလိုင်လ (၁၅)ရက် အတွင်း ဆောင်ရွက်ရမည်။

၄။ ကော်မတီသည် -

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ကော်မတီမှတာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း (၁) ဦး အဖွဲ့ဝင်

(၃) ဂရန်အင်းတည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး

(ခ) နည်းဥပဒေခွဲ(က)အရဖွဲ့စည်းသော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၅။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို (၁)နှစ်ကာလအတွက် ဂရန်အင်းများ လေလံတင် ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး ပြည်နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ကော်မတီထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အတည်ပြုချက်ရရှိပါက ဂရန်အင်းများ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ (၁၅)ရက် ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချရပါက လေလံတင်ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး (၇) ရက် ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ကြေညာရမည် -

(၁) လေလံဆွဲဝယ်မည့်သူ မရှိခြင်း၊

(၂) ကြမ်းခင်းဈေး မပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ (၂)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။



၇။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၆ အရ လျှောက်လွှာပုံစံ (၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည် -

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် (၃)နှစ်အတွင်း ငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) လေလံသတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဃ) မွန်ပြည်နယ်အတွင်း အခြေချနေထိုင်သူ ဖြစ်ခြင်း၊

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာ ပုံစံ (၂) ကို နည်းဥပဒေ ၇ အရ စိစစ်ပြီး အောက်ပါအတိုင်း ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် အကျိုးအကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၃)ရက် ကြိုတင်၍ စိစစ်တင်ပြရမည်။

၉။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၈ အရ စိစစ်တင်ပြလာသော

လျှောက်လွှာများကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် ပုံစံ (၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ (၃)ကို လေလံပွဲမစမီ အနည်းဆုံး (၃)ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့် ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့ရှေ့သို့ သတ်မှတ်သည့်လေလံကြေးငွေများကို တင်ပြမှုမရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း (၃)နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ ဂရန်အင်းတစ်ခုစီ အတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည် -

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း၊



(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိ အခြေအနေ၊

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ မရှိ ။

၁၃။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လေလံရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲ ပုံစံ (၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) လေလံရောင်းချရာတွင် ဌာနမှသတ်မှတ်ထားသော လေလံ စည်းကမ်းချက်များကို ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဂ) လေလံတင်ရောင်းချမည့်ဂရန်အင်းများ၏ ကြမ်းခင်းဈေးများကို သတ်မှတ်ရာတွင် ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ တင်ပြ အတည်ပြုချက်ရယူခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်း မပြုမီ လေလံစည်းကမ်းချက် များ၊ ရောင်းချမည့်ဂရန်အင်း တစ်ခုစီ၏စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(င) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ် အတိုင်းဆောင်ရွက်ခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူတစ်ဦးဦးကိုလည်းကောင်း၊ ဈေးနှုန်း ပေးထားခြင်းကိုသော်လည်းကောင်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း

သို့မဟုတ် တားမြစ်ခြင်းပြုသည့် အကျိုးအကြောင်းဖော်ပြချက်ကို အမှုတွဲပုံစံ(၄)တွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) ဂရန်အင်းလေလံအပြိုင်ဆွဲဝယ်ရာတွင် ဆွဲဝယ်မည့် ဂရန်အင်းအတွက် အင်းသားကြီးများမှ တိုးမြှင့်ပေးသည့်ငွေ(စားပွဲတင်ငွေ)အား ဂရန်အင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးအဖွဲ့ထံ ဂရန်အင်း လေလံဆွဲဝယ်ခွင့်ရရှိသူက တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း။

(ဇ) ဂရန်အင်း လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်း ဈေးထက်များစွာ ကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက်၊ နေ့ချင်း ပြန်လည် ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်းလေလံတင် ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင် ချိတ်ပိတ်တင်ဒါတင်သွင်းစေပြီး အလျားချထားခြင်း၊

(ဈ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ကြမ်းခင်းဈေးထက် ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အလျားချထားခြင်း၊

(ည) ဂရန်အင်း လေလံဆွဲဝယ်ခွင့်ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေ ပေးဆောင်စေသော်လည်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဂရန်အင်းကို



ဒုတိယအကြိမ် ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဋ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့်ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့မှ(၇)ရက်အတွင်း မျဉ်းသားချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဂရန်အင်းကို ဒုတိယအကြိမ် ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဌ) ဂရန်အင်းလေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ တင်ပြသည့်ငွေများကို ၄င်းပိုင်ငွေများဟု မှတ်ယူ၍ သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဍ) ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို (၅) ကြိမ်အထိသာ ဆောင်ရွက်ခြင်း၊

(ဎ) ဂရန်အင်းလေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင် ရောင်းချသည့် ဈေးနှုန်းကို ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲ ပုံစံ (၄)တွင် တွဲထားခြင်း၊

(ဏ) ဂရန်အင်းများလေလံရောင်းချရေးအဖွဲ့သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ်လေလံများတွင် သတ်မှတ် ကြမ်းခင်းဈေး ကျော်လွန်

မှ ရောင်းချရမည်။

(တ) တတိယအကြိမ်၌ ငါးနှစ်ပျမ်းမျှဈေး (၁၀%) သို့မဟုတ် ယခင်နှစ်ဈေးထက် (၁၀%) ကျော်လွန်ခြင်း၊ စတုတ္ထအကြိမ်တွင် ၊ ငါးနှစ်ပျမ်းမျှဈေး သို့မဟုတ် ယခင်နှစ်ဈေးထက် ကျော်လွန်ခြင်း၊ နောက်ဆုံးအကြိမ်၌ လေလံဆွဲဝယ်သူ၏ အများဆုံးပေးသည့် ဈေးနှုန်းကို မှတ်တမ်းတင်၍ ရောင်းချနိုင်ရေး ကော်မတီထံ အတည်ပြုချက်ရယူပြီးမှ ရောင်းချရမည်။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းပြီးသည့်အခါ ဂရန်အင်းလေလံတင် ရောင်းချခြင်းပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅) တွင် ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး ပြည်နယ်ဦးစီးဌာနမှူးထံမှတစ်ဆင့် ကော်မတီ၏ ခွင့်ပြုချက်ရယူနိုင်ရန် တင်ပြရမည်။

(ခ) ကော်မတီ၏ ခွင့်ပြုချက်ရရှိပါက လေလံဆွဲဝယ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာ ဆက်စပ်ပြီး အငြင်းပွားနိုင်သောဂရန်အင်းကို ဂရန်အင်းတွဲအဖြစ် ပြည်နယ်ဦးစီးဌာနမှူး၏ ကြိုတင်အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်းအနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။



(ခ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို ထပ်မံလေလံတင်ခြင်းမပြုဘဲ ဂရန်အင်းဆက်စပ်လျက်ရှိသော အောက်ပိုင်းရှိ အငှားဂရန် ရရှိသူအား သတ်မှတ်ဈေးကို ပေးသွင်းစေပြီး ပြည်နယ်ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဂ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့် အတူ နောက်ဆုံးလေလံတင်ရောင်းချသည့်ရက်မှ (၇) ရက် အတွင်း ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ တင်ပြရမည်။

၁၆။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ဂရန်အင်းများအား (၁)နှစ်အငှားချထားခြင်းကို ဂရန်အင်းများ လေလံတင်ရောင်းချပြီးပါက ကော်မတီထံ ခွင့်ပြုချက်တောင်းခံ၍ ခွင့်ပြုချက်ရရှိပါက အငှားဂရန်ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ဂရန်အင်းလေလံတင်ရောင်းချမည့်ကြမ်းခင်းဈေးနှုန်းကို ကော်မတီထံတင်ပြ၍ အတည်ပြုချက်ရယူထားရမည်။

(ဂ) ပိတ်သိမ်းသင့်သည့် ဂရန်အင်းများကို ခရိုင်ဦးစီးဌာနမှူးမှ စိစစ်တင်ပြလာပါက ကော်မတီထံ ဆက်လက်ထောက်ခံတင်ပြ၍ ကော်မတီ၏ ခွင့်ပြုချက်ရရှိပါက မည်သူမျှ လုပ်ကိုင်ခြင်းမရှိစေရန် ပိတ်သိမ်းမိန့်ထုတ်ပြန်ရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ဃ) ဂရန်အင်းများ လေလံရောင်းချပြီး ငွေကြေးပေးသွင်းပြီးသော ဂရန်အင်းများစာရင်းကို ကော်မတီထံတင်ပြရမည်။

## အခန်း (၃)

## နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို အင်းချောင်း တိမ်ကောခြင်းကြောင့် ဖြစ်စေ၊ ငါးထုတ်လုပ်မှု ကျဆင်းခြင်းကြောင့် ဖြစ်စေ နှစ်ရှည်အငှားဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘော ရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည် အငှားဂရန် ခွင့်ပြုရန် လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာ ဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး အကျိုးအကြောင်း ဖော်ပြလျှက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က) အရ မြို့နယ်ဦးစီး ဌာနမှူး၏ တင်ပြချက်အပေါ်စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီ၏ ခွင့်ပြုချက်နှင့် အစိုးရအဖွဲ့၏ သဘောတူညီချက် ရယူနိုင်ရေးတင်ပြရမည်။

(ဂ) ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီး ဌာနမှူး၏ တင်ပြချက်အပေါ် အောက်ပါအချက်များကို စိစစ်ပြီး ကော်မတီထံတင်ပြရမည် -

(ဂ-၁) အငှားဂရန်ချထားသည့်ကာလ၊

(ဂ-၂) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊



ကာလ၊ နေရာနှင့် ငွေပမာဏ

(ဂ-၃) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် အင်းခွန်တန်ဖိုးငွေရာခိုင်နှုန်း၊

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် ကော်မတီ၏ခွင့်ပြုချက်နှင့် အစိုးရ အဖွဲ့၏ သဘောတူညီချက် ရရှိပါက ဂရန်အင်း နှစ်ရှည် အငှါးဂရန် ထုတ်ပေးနိုင်ရေးအတွက် ဂရန်အင်းနှစ်ရှည်အငှါးဂရန် ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေး ရမည်။

၁၈။ ကော်မတီသည် ဂရန်အင်း တစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ် ရမည် -

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့် ဂရန်အင်း၏ လွန်ခဲ့သော (၅)နှစ်က အင်းခွန် နှုန်းထားများ တည်ငြိမ်မှုရှိခြင်း၊

(ဂ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

၁၉။ ကော်မတီသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့် ကိစ္စအတွက် အောက်ပါအချက်များဖြင့် ပြည်နယ်ဦးစီးဌာနမှူးမှ စိစစ်တင်ပြ လာခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည် -

(က) အငှားဂရန် ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊

နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေ ရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

၂၀။ (က) ကော်မတီသည် ဂရန်အင်းနှစ်ရှည်အငှားဂရန်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိလျှင် ကော်မတီ၏ခွင့်ပြုချက်ကို ပြည်နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ အကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စည်းကမ်းချက်များပါရှိသော ဂရန်အင်း နှစ်ရှည်အငှားဂရန် ပုံစံ (၆) ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း (၄)
## တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၁။ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း၊ ငါးဖမ်းကွက်တစ်ခုခုအတွက် တင်ဒါလိုင်စင်ချထားပေးခြင်းဖြစ်ပါက ဈေးပြိုင်တင်ဒါရောင်းချခြင်းကို နှစ်စဉ် ဧပြီ (၁)ရက်မှ ဩဂုတ်လ (၃၁)ရက်အတွင်း ဆောင်ရွက်ရမည်။

၂၂။ ကော်မတီသည် -

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -



| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး | ဥက္ကဋ္ဌ |
| (၂) | ကော်မတီမှ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း (၁) ဦး | အဖွဲ့ဝင် |
| (၃) | တင်ဒါငါးဖမ်းကွက်တည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး | အတွင်းရေးမှူး |

(ခ) အထူးတင်ဒါချက်များ ရောင်းချရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ကော်မတီအဖွဲ့ဝင် (၁)ဦး | အဖွဲ့ဝင် |
| (၃) | သထုံခရိုင်ဦးစီးဌာနမှူး | အဖွဲ့ဝင် |
| (၄) | မော်လမြိုင်ခရိုင်ဦးစီးဌာနမှူး | အဖွဲ့ဝင် |
| (၅) | ပြည်နယ်ဦးစီးဌာနမှူး | အတွင်းရေးမှူး |

(ဂ) နည်းဥပဒေခွဲ (က)၊ (ခ)အရ ဖွဲ့စည်းသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်း ဆောင်ရွက်နိုင်သည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရေး အဖွဲ့က (၁)နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားမည့် တင်ဒါချက်များကို ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူးနှင့် ကော်မတီ၏ အတည်ပြုချက်ရယူရမည်၊

(ခ) တင်ဒါချက်များကို စိစစ်တင်ပြရာတွင် ခွင့်ပြုကိရိယာ၊ ခွင့်ပြုနေရာ၊

လားရာအရပ်ဒေသများကို သေချာစွာဖော်ပြပြီး ကျားပိုက်တင်ဒါချက်ဖြစ်ပါက နေရာတင်ဒါချက်နှင့် ဧရိယာတင်ဒါချက်ကို ခွဲခြားသတ်မှတ်၍ တင်ပြရမည်၊

(ဂ) နည်းဥပဒေခွဲ(က)၊ (ခ) အရ တင်ပြပြီး အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ (၁၅)ရက် ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ် ဖော်ထုတ်ရာတွင် တည်ရှိရာဒေသ၌ တင်ဒါငါးဖမ်းကွက် ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိမရှိ ကြိုတင်ကြေညာရမည်၊

(င) နည်းဥပဒေခွဲ(ဃ)အရ ကြေညာပြီး ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

(စ) နည်းဥပဒေခွဲ(င)အရ ကော်မတီ၏ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ (၁၅)ရက်ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၄။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၈)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။



၂၅။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ (၈) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ရမည် -

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့်(၃)နှစ်အတွင်း ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) အထူးတင်ဒါချက်ဆွဲဝယ်နိုင်ရန် ယခင်နှစ်သတ်မှတ်ဈေးနှုန်း၏ (၅၀%)ကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် Payment Order(PO) စာရင်းဖွင့်လှစ်ပေးသွင်းပြီးခြင်း၊

(ဃ) မွန်ပြည်နယ်အတွင်း အခြေချနေထိုင်သူဖြစ်ခြင်း၊

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာကို နည်းဥပဒေ ၂၅ အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် အကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ထုတ်ပေးနိုင်ရန် ရောင်းချမည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်၍ ထောက်ခံတင်ပြချက်များ။

၂၇။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၂၆ အရတင်ပြလာသော လျှောက်လွှာများကိုစိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၉)ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံအကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို

မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်းကြားရမည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၉)ကို တင်ဒါလိုင်စင်ချထားမည့်ရက် မတိုင်မီ အနည်းဆုံး(၃)ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၉။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၉)ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်းမပြုမီ အောက်ပါ အချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးနှင့် တင်ဒါစည်းကမ်းချက်များကို ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ၍ ခွင့်ပြုချက်ရယူရမည် -

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ

(ဃ) တင်ဒါငါးဖမ်းကွက်၏ ပျက်စီးတိမ်ကောခြင်း ရှိ မရှိ အခြေအနေ။

၃၁။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပေါ်တွင် မိမိဆွဲဝယ်လိုသည့်တင်ဒါ ငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်း ကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့၏ ရှေ့မှောက်တွင် မိမိဆွဲဝယ်လိုသည့်တင်ဒါ ငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်း ကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့၏ ရှေ့မှောက်တွင် ကိုယ်တိုင် တင်သွင်းရမည်။

၃၂။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -



(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှတ်စဉ် ပုံစံ(၁၀) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်း မပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါ ငါးဖမ်းကွက်သတ်မှတ်ချက်များကို ဖတ်ကြားကြေငြာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီအစဉ် အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိတ်ဖွင့်တင်ဒါရောင်းချရာတွင် လေလံစနစ်ဖြင့် ရောင်းချရန် လိုအပ်ပါက ကော်မတီထံတင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(င) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါ ဈေးနှုန်း တင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(စ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများ အား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို တင်ဒါ လိုင်စင်ချထားရေးအဖွဲ့ ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေး ခြင်း၊

(ဆ) လုံလောက်သောအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူတစ်ဦးဦး ကိုသော်လည်းကောင်း၊ ဈေးနှုန်း ပေးထားခြင်းကိုသော် လည်းကောင်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း ပြုသည့် အကျိုးအကြောင်း ဖော်ပြချက်ကို အမှတ်စဉ် ပုံစံ (၁၀)

တွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ တင်ပြခြင်း၊

(ဇ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်းသူများ အမည်နှင့်ပေးထားသည့်ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေး မမီပါက တင်ဒါဆွဲဝယ်ရရှိသူအားလုံးကို ဈေးနှုန်းထပ်မံတိုးမြှင့်ပေးရန် တင်ပြစေခြင်း၊

(ည) တင်ဒါကြမ်းခင်းဈေးနှုန်း ထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်း အများဆုံးပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ဋ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဌ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ချိတ်ပိတ်တင်ဒါ တင်သွင်းစေခြင်း၊

(ဍ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ထပ်မံတူညီနေပါက ဈေးပြိုင်လေလံစနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဎ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကိုရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ် ရေးထိုးပြီး အမှုတွဲ ပုံစံ (၁၀) တွင် တွဲထားခြင်း၊

(ဏ) ပထမအကြိမ်နှင့် ဒုတိယအကြိမ်လေလံများတွင် သတ်မှတ်ကြမ်းခင်းဈေးကျော်လွန်မှ ရောင်းချရမည်၊



(တ) တတိယအကြိမ်၌ ငါးနှစ်ပျှမ်းမျှဈေး (၁၀%) သို့မဟုတ် ယခင်နှစ်၏ဈေးထက် (၁၀%) ကျော်လွန်ခြင်း၊ စတုတ္ထအကြိမ်တွင် ငါးနှစ်ပျှမ်းမျှဈေး သို့မဟုတ် ယခင်နှစ်ဈေးထက်ကျော်လွန်ခြင်း၊ နောက်ဆုံးအကြိမ်၌ လေလံဆွဲဝယ်သူ၏ အများဆုံးပေးသည့် ဈေးနှုန်းကို မှတ်တမ်းတင်၍ ရောင်းချနိုင်ရေး ကော်မတီထံ အတည်ပြုချက်ရယူပြီးမှ ရောင်းချရမည်။

၃၃။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်း ပြီးစီးကြောင်း တင်ပြစာ ပုံစံ (၁၁)တွင် ပြည့်စုံစွာ ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး ပြည်နယ်ဦးစီးဌာနမှူး ထံမှတစ်ဆင့် ကော်မတီ၏ ခွင့်ပြုချက်ရယူရန် တင်ပြရမည်။

(ခ) ကော်မတီ၏ ခွင့်ပြုချက်ရရှိပါက တင်ဒါလိုင်စင်ချထားသည့်နေ့မှ ရက်ပေါင်း(၇)ရက်အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေပေးသွင်းစေပြီး တင်ဒါလိုင်စင် ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

(ဂ) နောက်ဆုံးအကြိမ် ရောင်းချပြီး ပိတ်သိမ်းရန် လိုအပ်သော တင်ဒါချက်များကို (၇)ရက်အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို

တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက အကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါတင်ဒါငါးဖမ်းကွက်များကို ထပ်မံ တင်ဒါ ခေါ်ယူ၍ တင်ဒါလိုင်စင်ချထားပေးရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ တင်ပြရမည်။

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါချက်အဖြစ် ကန့်ကွက်ရန် မရှိ၍ ဖော်ထုတ်ရောင်းချခွင့်ပြုရန် ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) တင်ဒါချက်အသစ်များအား ရောင်းချပြီး (၁)နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်း မရှိပါက ပြည်နယ်ဦးစီးဌာနမှူးထံ အတည်ပြုချက်တောင်းခံရမည်။

၃၅။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ရောင်းချမည့် တင်ဒါချက်များအတွက် ကြမ်းခင်းဈေးနှုန်းကို ကော်မတီထံတင်ပြ၍ အတည်ပြုချက်ရယူထားရမည်။

(ခ) ရောင်းချ၍မရသော တင်ဒါပိုက်ချက်များကို ကော်မတီထံ တင်ပြ၍ပိတ်သိမ်းခွင့်ပြုနိုင်ပါရန် တင်ပြရမည်။

(ဂ) တင်ဒါချက်အသစ်များအား ရောင်းချပြီးပါက (၁)နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်း မရှိကြောင်း ခရိုင်ဦးစီးဌာနမှူးမှ တင်ပြ



လာပါက ပြည်နယ်ဦးစီးဌာနမှူးသည် ကော်မတီထံတင်ပြ၍ အတည်ပြုချက်ရယူပြီး တင်ဒါငါးဖမ်းကွက်အဖြစ် အတည်ပြုကြောင်း ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ဃ) ရောင်းချပြီးသော တင်ဒါချက်များကို ကော်မတီထံတင်ပြ၍ အတည်ပြုချက် ရယူရမည်။

## အခန်း (၅)

## ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်း လုပ်ကိုင်သူများအား ကြေညာသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထား ရယူကြရန် ဩဂုတ်လ(၁)ရက်နေ့တွင် ကြော်ငြာစာထုတ်ရမည်။

၃၇။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင်ရရှိရန် နည်းဥပဒေ ၃၆ အရ သတ်မှတ်သည့်ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ ပုံစံ (၁၃)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၈။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ကြော်ငြာစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက် ကုန်ဆုံးသည့်

အခါ လျှောက်ထားသူများ၏စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူစာရင်း ပုံစံ (၁၄) ဖြင့် ပြုစုရမည်။

(ခ) ပုံစံ (၁၄) တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာ မှန် မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်း မရှိဘဲ လုပ်ကိုင်နေသူများ ရှိ မရှိ ကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ဘုံငါးဖမ်းလုပ်ကွက်အဖြစ် သတ်မှတ်ထားသော နေရာများတွင် အခွန်လွတ်ကိရိယာ/ အတိုင်းအတာ / အရေအတွက်များ မှလွဲ၍ ကျန်ငါးဖမ်းကိရိယာများအတါက် အခွန်အခရရှိစေရန် သတ်မှတ်ထားသော လိုင်စင်ခကောက်ခံရမည်။

(ခ) အခိုင်အမာအတားအဆီးများ၊ ပုံသေစိုက် ကိရိယာများကို ဘုံငါးဖမ်းကွက်များအတွင်း လိုင်စင်ထုတ်ပေးခြင်း၊ ခွင့်ပြုငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ရမည်၊ (တင်ဒါချက်များကို ဖျက်သိမ်း၍ ဘုံငါးဖမ်းကွက်အဖြစ် ပြောင်းလဲထားသော နေရာများကိုသာ ဆိုသည်)။

(ဂ) ကမ်းနီးငါးဖမ်းလုပ်ငန်းအတွက် ငါးဖမ်းကိရိယာလိုင်စင်ခများကို သတ်မှတ်ထားသော နှုန်းထားများဖြင့်ကောက်ခံရမည်။

(ဃ) ရေပေါ်ရေလျှံလုပ်သားများအား ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသော အခွန်လွတ် ကိရိယာ/ အတိုင်းအတာ / အရေအတွက်



ဖြင့် ငါးဖမ်းခြင်းကို ကြေးတိုင်အင်း၊ ဂရန်အင်း၊ သီးသန့်အင်း၊ ဘောမဲ့အင်းနှင့် တင်ဒါချက်များမှအပ ဖေါ်ပြပါဧရိယာများ၏ လွတ်ကင်းရာ နေရာဖြစ်သော မည်သည့်ရေချိုငါးလုပ်ငန်း ရေပြင်တွင်မဆို အခွန်လွတ်ကိရိယာ(၁၆)မျိုးဖြင့် ဖမ်းဆီးရှာစား ခွင့်ကို စီးပွားဖြစ်မဟုတ်လျှင် ခွင့်ပြုနိုင်သည်။

(င) လိုင်စင်ထုတ်ပေးမှုကို လစဉ် ပြည်နယ်ဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုံစံ (၁၄) စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၅)ကို ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ လိုင်စင်ထုတ်ပေးထားသူများအမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားသူများစာရင်း ပုံစံ (၁၆) ဖြင့် လစဉ်ပြုစု၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့်

နှုန်းထားနှင့် အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံး တူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်း အတိုင်းကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲ အသုံးပြု နိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာ နှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခများကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၂။ ဦးစီးဌာနသည် ၅၀ဝိ/- ၊ ၁၀၀ဝိ/- ၊ ၁၅၀ဝိ/- စသည့် တန်ဖိုးနှုန်းထား အတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၅)ကို အသုံးပြုရမည်။

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ ၄၂ အရ လိုင်စင်ပုံစံ တစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြု ပါ က ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန် မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ် ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်း ကိရိယာ အမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာ အမျိုးအစားကို



အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံ ကောက်ခံရမည်။

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင်ခကို ကော်မတီ၏ ဆုံးဖြတ်ချက်ရရှိပါက သတ်မှတ်ထားသော နှုန်းထားနှင့် အညီကောက်ခံရမည်။

၄၄။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအား ထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာများဖြင့် လိုင်စင် ရယူလုပ်ကိုင်ခြင်းရှိမရှိကို ခရိုင်ဦးစီးဌာနမှူးအား ကြီးကြပ်စစ်ဆေး ရန်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာ လိုင်စင်ခနှုန်းထား များကို ကော်မတီ၏ဆုံးဖြတ်ချက်အရ သတ်မှတ်ပေးရမည်။

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင် လျှောက်ထားလာခြင်း ကို စိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးမှလိုင်စင် ထုတ်ပေးနိုင်သည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာ လိုင်စင်အရအသုံးမှတ်ပုံတင် ပုံစံ (၁၇)ဖြင့် စနစ်တကျ ထိန်းသိမ်း ထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာ

လိုင်စင် ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၁၈)တွင်အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၆။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း ပုံစံ(၁၉)ကို ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၇။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့်ငွေများနှင့်လက်ခံရရှိသည့်လချုပ် စာရင်းတွင်ဖော်ပြထားသောစာရင်းဖွင့် လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှုရှိ မရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် ပြည်နယ်ရုံးသို့ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှု ရှိမရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ မရှိ ပြည်နယ်ရုံးရှိ စာရင်းနှင့်တိုက်ဆိုင်စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ဖော်ပြထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေးသွင်းပြီးသည့် ငွေကိုလည်းကောင်း၊ ပြည်နယ်ရုံးရှိ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။



(င) နည်းဥပဒေခွဲ(က)၊(ခ)၊(ဂ)ပါစစ်ဆေးရမည့်လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၆)
## မိတ္တူလျှောက်ထားခြင်း

၄၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏အငှားဂရန်၊ တင်ဒါလိုင်စင်သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၄၉။ (က) သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် နည်းဥပဒေ ၄၈ အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီးမှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ (၅၀၀၀)ကျပ်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ (၁၀၀၀) ကျပ် ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ (၅၀၀)ကျပ်ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာမိတ္တူကို ထုတ်ပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ (က) အရ သက်ဆိုင်ရာမိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

## အခန်း (၇)
## အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၃၀။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အငှားဂရန်ကို ငါးလုပ်ငန်းအမှန်တကယ်လုပ်ကိုင်လိုသူ မည်သူမဆို လေလံဆွဲဝယ်ခွင့်ရှိသည်၊

(ခ) ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖေါက်ဖျက်သဖြင့် ကော်မတီက အငှားဂရန်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင် အငှားဂရန်အင်းနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီ အတွက် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုကို ပေးလျော်ရမည်၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် အငှားဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ တာဝန်ခံရမည်၊

(ဃ) ငါးဖမ်းခြင်းလုပ်ကိုင်ခွင့်ရှိသည့် အငှားဂရန်အင်း၏ နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းခွင့်ရှိသည်၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၏ စည်းကမ်းချက်တွင်ဖေါ်ပြထားသည့် ငါးဖမ်းဆီးခွင့် ကာလအတွင်း ငါးဖမ်းဆီးရမည်၊

(စ) အငှားဂရန်၏ စည်းကမ်းချက်ပါအတိုင်း ဆည်၊ ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုရက်မတိုင်မီ (၁၅) ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ ခွင့်ပြုချက်တောင်းခံပြီး ခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိမည်၊

(ဆ) အင်းလုပ်ကိုင်သူသည် မိမိအင်း၏ ဧရိယာနယ်နိမိတ်အတွင်းတွင် ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ငါး၊ပုစွန် ဝင်ရောက်ရှာဖွေသူများအား တားမြစ်ခြင်း၊ သက်သေခံ ငါးဖမ်းကိရိယာ ပစ္စည်းတို့ကို သိမ်းဆည်းဆောင်ရွက်ရာတွင်သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် ဆယ်အိမ်မှူး တို့ပါဝင်သည့် အသိသက်သေများဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနသို့ (၂၄) နာရီအတွင်း သွားရောက်အပ်နှံရမည်၊

(ဇ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ရမည်၊

(ဈ) ပြည်နယ်ဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို စက်တင်ဘာလ (၁)ရက်နေ့မတိုင်မီ ချထားခြင်းမပြုရ။ အဆိုပါ ဆည်များကို ဧပြီလ (၃၀) ရက်နေ့တွင် ကုန်စင်အောင် ဖယ်ရှားထားရမည်၊

(ည) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ပုစွန်ဖေါင်ဖြင့် လုပ်ကိုင်ရာတွင် ချောင်း၊ မြောင်းများ၌ သွားလာနိုင်ရန် မြစ်၊ ချောင်းများ၊ အင်းများ၌ ငါးဖမ်းလုပ်ငန်းကို မထိခိုက်စေသည့် ဒေသအခြေအနေနှင့် ကိုက်ညီသော လှေ၊

မော်တော်လမ်း လုံလောက်စွာ ထားရှိရမည်၊

(ဋ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်ရှိဂရန် အင်းမှ ရေစီးရေလာသည့် အောက်ပိုင်ရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာ ဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဧပြီလ(၃၀)ရက်နေ့ အထိ ဆည်များတားဆီး၍ ပိတ်ထားရမည်၊

(ဌ) အထက်ပိုင်းရှိ ဂရန်အင်းနှင့် အောက်ပိုင်းရှိ ဂရန်အင်း ရေစီး ရေလာဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့လာသော ငါးများဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့် မရှိစေရန် ဆောင်ရွက်ရမည်၊

(ဍ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် ဒီဇင်ဘာလ (၃၁) ရက်နေ့ မတိုင်မီ ရေကြောင်းလမ်းမှ မျှောချ ရှင်းလင်းခြင်း၊ ကြွင်းကျန်ရှိနေသည့် ဒိုက်၊ မှော် တို့ကို ဇန်နဝါရီ လ(၃၁)ရက်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးအနားရှိ သစ်ပင် များကို မထိခိုက်စေဘဲ ဖေဖော်ဝါရီလကုန်နေ့မတိုင်မီ အကုန် အစင် ဖျက်ဆီးဖယ်ရှားရမည်၊

(ဎ) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် ဧပြီလ(၁)ရက်နေ့တွင် အနီးအနားရှိ သစ်ပင်များကို မထိခိုက် စေဘဲ ရှင်းလင်းရမည်၊

(ဏ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက်(၁၀၀) အတွင်း ငါးဖမ်းခြင်းကို



ရှောင်ရှားရမည်၊

(တ) ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာ များဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ -

(တ-၁) လက်ဆည်နှင့် ကတက်တုံးများအပါအဝင်ဖြစ်သော ဆည်တမံတာရိုး အမျိုးမျိုး၊ ၄င်းပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ ဆောက်ခြေတွင် မြေနှင့် ဖြစ်စေ၊ ဖျာရိုင်များနှင့်ဖြစ်စေ သို့မဟုတ် အခြားကိရိယာ များနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများဖြင့်ဖမ်းဆီးခြင်း၊

(တ-၂) ထူးများ၊ တုတ်များဖြင့်ရေထုတ်ခြင်းမှတစ်ပါး အခြားနည်း ဖြင့် ရေထုတ်ခြင်း၊

(တ-၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်းကဲ့သို့ အလားတူအရာများချထားခြင်း၊

(တ-၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခုအကြား (၁) လက်မ အောက်လျော့သည့် ပိုက်များ ဖြင့်ဖမ်းဆီးခြင်း၊

(တ-၅) ငါးကြီးတွင်းများဖြင့် ဖမ်းဆီးခြင်း၊

(တ-၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည် စသည်တို့ဖြင့် ရေလမ်းကြောင်းပိတ်၍ ဖမ်းဆီးခြင်း၊

(တ-၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊

(တ-၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေ

တတ်သော အခြားပစ္စည်းများ အသုံးပြု၍ ငါးဖမ်းခြင်း၊

(ထ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၅၁။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးကစိစစ်ပြီးယင်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်၊

(ဂ) ငါးဖမ်းဆီးလုပ်ကိုင်ခွင့် ရရှိသူသည် ဂရန်အင်းစည်းကမ်းပါ သတ်မှတ်သည့်ကာလအတိုင်း ငါးဖမ်းဆီးခွင့်ရှိရမည်၊

(ဃ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ် ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်း ချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီချထားရမည်၊

(င) အထက်ဆည်နှင့် အောက်ဆည် ရေစီးရေလာ ဆက်စပ်နေပါက



အထက်ဆည်၏အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်း ရေပြင်ကို အောက်ဆည်အငှားဂရန်ရရှိသူက ပိုင်ဆိုင်ခွင့်ရှိရမည်။

(စ) တောချဆည်နှင့်မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူကပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန် ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်း မရှိလျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် အထက်ပိုင်းရှိ ဂရန်အင်းကိုကျသင့်သော အခွန်အခ ပေးဆောင်၍ လုပ်ကိုင်ခွင့်ရှိရမည်၊

(ဆ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်း ရေပြင်အထက်ပိုင်းရှိဂရန် အင်းတွင် အဝချုပ်ဆည်ကို တန်ခူးလပြည့်နေ့အထိ အသုံးပြုခွင့်ရှိရမည်၊

(ဇ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကိုအသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာ ဆက်စပ်နေပါက ဂရန်အင်း နှစ်ခုအကြား အမြဲတန်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများချထားခွင့်မရှိစေရ၊

(ဈ) ဂရန်အင်းများတွင် ဦးစီးဌာန၏ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါငါးဖမ်းကိရိယာများကို အသုံးပြုနိုင်မည် -

(၁) ထောင်ချောက်များ၊ (ထောင်ချောက်၏အစိပ်အကျဲတစ်ခုနှင့်တစ်ခုသည် (၁) လက်မအောက် လျော့နည်းပါက ဖမ်းဆီးခွင့်မရရှိစေရ)

(၂) ဂျမ်းများ

(၃) ဘဝန်းများ ( ၎င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်မြေပေါ်၌ စိုက်ထားနိုင်သည်။ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့်ရာသီကုန်ဆုံးသည့်အခါ ဖယ်ရှားရမည်)

(၄) ပိုက်သီသောကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခုအကြား (၁) လက်မအောက်မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်များ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖေါင်များ၊

(၈) မြင်းဝန်းဆည်များ၊

(ည) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ရေချိုငါးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်ရမည်၊

(ဋ) ဂရန်အင်းများအတွင်း ရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများတွင် သီးခြားပြဋ္ဌာန်းထားခြင်း မရှိသော်လည်း အင်းဇရိယာအတွင်း၌ ငါးဖမ်းလုပ်ကိုင်ဆောင်ရွက်လျှက်ရှိသည့်တည်နေရာ ငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ်များသည် ပြဿနာဖြစ်ပွားမှု မရှိလျှင် (၃)နှစ် ဆက်တိုက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါက ဓလေ့ထုံးစံအဖြစ် မှတ်ယူရမည်၊

(ဌ) အင်းဂရန်စည်းကမ်းချက်တွင် ခွင့်ပြုသည့် ငါးဖမ်းရက်ထက်



ကျော်လွန်ငါးဖမ်းခွင့်လျှောက်ထားခြင်းကို ကျိုးကြောင်းခိုင်လုံပါက သတ်မှတ်ကာလမကုန်ဆုံးမီ (၃၀)ရက် ကြိုတင်၍ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြလျှောက်ထားရမည်၊

(ဍ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ အငှားဂရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့်အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားရမည်၊

## အခန်း (၈)

## တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၂။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တင်ဒါလိုင်စင်ကို အမှတ်တကယ်လုပ်ကိုင်လိုသူ မည်သူမဆို တင်ဒါဆွဲဝယ်ခွင့်ရှိသည်၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်သဖြင့် ကော်မတီဥက္ကဋ္ဌကတင်ဒါလိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည်တင်ဒါချထားရာ တွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါ က ယင်းနစ်နာဆုံးရှုံးမှုမှန်သမျှကို ပေးလျော်ရန်တာဝန်ရှိရမည်၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါချက်၏အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ တာဝန်ခံ

ရမည်၊

(ဃ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် တင်ဒါချက်နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းခွင့်ရှိရမည်၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် တင်ဒါစည်းကမ်းချက်တွင် ဖော်ပြထားသည့် ငါးဖမ်းဆီးခွင့်ကာလအတွင်း ငါးဖမ်းဆီးခွင့်ရှိရမည်၊

(စ) တင်ဒါလိုင်စင်စည်းကမ်းချက်ပါအတိုင်း ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုရက် မတိုင်မီ (၃၀)ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ ခွင့်ပြုချက် တောင်းခံပြီးခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိရမည်၊

(ဆ) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားရမည်၊

(ဇ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောင့်အယှက် မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားရမည်၊

(ဈ) ဘုန်းကြီးကျောင်းပရိဝုဏ်မှ ကိုက်(၁၀၀)အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားရမည်၊

(ည) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်



များကို လိုက်နာရမည်၊

၅၃။ အထူးတင်ဒါလုပ်ကိုင်ခွင့်ရရှိသူ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်

(က) သတ်မှတ်နယ်နိမိတ်အတွင်းမှ ကျော်လွန်လုပ်ကိုင်ခွင့်မပြုရ၊

(ခ) နယ်နိမိတ်အတွင်း ရောင်းချရေးအဖွဲ့၏ခွင့်ပြု ကျားချက် အရေအတွက် အတိုင်းသာ လုပ်ပိုင်ခွင့်ရှိသည်၊

(ဂ) ငါးဖမ်းခွင့်ကာလအား ဩဂုတ်လ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ လုပ်ကိုင်ခွင့်ပြုသည်၊

(ဃ) နိုင်ငံတော်အကျိုးငှာ တင်ဒါချက်ဖျက်သိမ်းခံရပါက နှစ်နာကြေးအဖြစ် ပြန်အမ်းငွေ လျှောက်ထားခွင့်ရှိသည်။

၅၄။ တင်ဒါလိုင်စင်ရရှိသူ၏ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တင်ဒါချက်၏အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ထပ်ဆင့်အငှားချထားနိုင်ခွင့်ရှိရမည်၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား၊ အမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက် ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်၊

(ဂ) ငါးဖမ်းဆီးလုပ်ကိုင်ခွင့်ရရှိသူသည် တင်ဒါလိုင်စင် စည်းကမ်းသတ်မှတ်သည့်ကာလအတိုင်း ငါးဖမ်းဆီးခွင့်ရှိရမည်၊

(ဃ) နိုင်ငံတော်အကျိုးငှာ လိုအပ်၍ တင်ဒါလိုင်စင် ဆိုင်းငံ့ခြင်းသို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိ ပေးသွင်းထားသည့် တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိရမည်၊

(င) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် သတ်မှတ်ထားသောနေရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိရမည်၊

## အခန်း (၉)

## ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၅။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားထားရမည်၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောင့်အယှက် မဖြစ်စေရန် ရေကြောင်း လမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြ ထားရမည်၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလ



အတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရှိရမည်၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

## အခန်း (၁၀)

## ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၆။ ကော်မတီသည် -

(က) ငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

(ခ) ငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ်မှ ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၅၇။ ကော်မတီသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၅၈။ ကော်မတီသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်း

ကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံ ပစ္စည်းများကို လေလံတင် ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ္ဍာသို့ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးနောက် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း၊

၅၉။ ကော်မတီသည် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ ခွင့်ပြုပါက ခံဝန်ငွေ ပမာဏ နှင့် ပေးသွင်းရမည့်နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊



၆၀။ ကော်မတီသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည် ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ် သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရန် ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါ က ရက်လွန်ကြေးကို ထပ်မံပေးဆောင်စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်း မရှိပါ က အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ်သည့်အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၆၁။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ဂ)နှင့် နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ခ)တို့အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ပြီးတင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သောဈေးနှုန်းပြင်ဆင်သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ကော်မတီထံ တင်ပြရမည် -

(က) ရာသီဥတု အခြေအနေ

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန်ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော (၅)နှစ်ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၂။ ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း၊



(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီးမပြုန်းတီးစေရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကိုစီမံချက် ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) အင်းစည်းကမ်းချက်တွင် ခွင့်ပြုသည့် ငါးဖမ်းရက်ကျော်လွန်၍ ရာသီဥတုကြောင့်ဖြစ်စေ၊ သီးနှံစိုက်ပျိုးခြင်းများကြောင့်ဖြစ်စေ၊ ကြေးတိုင်စိုက်အင်းများငါးမျိုးချန်လုပ်ရန်ဖြစ်စေ ငါးဖမ်းရန် ခွင့်ပြုစေခြင်းကို စိစစ်၍ ဝန်ကြီးထံတင်ပြပြီး အတည်ပြုချက်ရယူခြင်း၊

(စ) ပြည်နယ်ဦးစီးဌာနမှူးသည် မွန်ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဆ) ခရိုင်ဦးစီးဌာနမှူးသည် ခရိုင်အတွင်းရှိ ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဇ) မြို့နယ်ဦးစီးဌာနမှူးသည် မြို့နယ်အတွင်းရှိ ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

၆၃။ ကော်မတီသည် ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ အရ လိုင်စင်ထုတ်ပေးရာတွင် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို -

(က) ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့်များ လွှဲအပ်နိုင်သည်။

## အခန်း (၁၁)
## ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၆၄။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်သော်လည်းကောင်း၊ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့၊ ငါး ထုတ်လုပ်မှုကိုထိခိုက်နစ်နာသည့် နေ့မှရက်ပေါင်း(၃၀)အတွင်း မိမိပေးသွင်း ထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည် ထုတ်ပေး ရန်အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည် -

(က) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်ကိစ္စ ဖြစ်လျှင် ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်း အခြေအနေတင်ပြချက်

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၆၅။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၆၄ အရ ပြန်အမ်းငွေ ပြန်လည်



ထုတ်ပေးရန်လျှောက်လွှာ လက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့် အချက်များမှန်ကန်မှု ရှိမရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှု စစ်ဆေး ရမည်။

၆၆။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် ထိခိုက်နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ -

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်း ကိရိယာများ ရေမျောပါသွားခြင်း၊

(ခ) နုံးမြေများ တင်လာ၍ ဂရန်အင်းများ ပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေ တတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများ ခိုးယူခံရခြင်း။

၆၇။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာ အမှုတွဲကိုစိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ အဆင့်ဆင့်တင်ပြရမည်။

၆၈။ ကော်မတီသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုကြောင်း ဆုံးဖြတ်ရမည်။

၆၉။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ကော်မတီ၏ ပြန်အမ်းငွေပြန်လည် ထုတ်ပေးရန် ခွင့်ပြုချက် သို့မဟုတ် ငြင်းပယ်ခြင်းကို သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရန်နှင့် ကော်မတီ၏ ခွင့်ပြုချက်အရ သက်ဆိုင်ရာ လျှောက်ထားသူထံ ပြန်အမ်းငွေ

ပြန်လည်ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြား ရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားခြင်း နှင့် ကော်မတီ၏ ခွင့်ပြုချက်အရ သက်ဆိုင်ရာ လျှောက်ထားသူထံ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးခြင်းပြုရမည်။

၇၀။ ခရိုင်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ လျှောက်ထားသူထံ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးပြီးပါက အကျိုးအကြောင်း ဖော်ပြချက် အစီရင်ခံစာကို ပြည်နယ် ဦးစီးဌာနမှူးထံ တင်ပြရမည်။

## အခန်း (၁၂)
## ကြွေးကျန်များကောက်ခံခြင်း

၇၁။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အရစ်ကျပေးဆောင်ရန် အငှား ချထားသည့် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် စပ်လျဉ်း၍ လည်းကောင်း အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးငွေများ၏ ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်း



ကြားခြင်း၊

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလ အတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း တစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ လေလံတင်ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် ငွေထက်ပိုနေပါက ပျက်ကွက်သူ ပေးသွင်းရမည့်ငွေနှင့် လေလံတင် ရောင်းချရာတွင် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည် ပေးအပ်ခြင်း၊ လေလံတင်ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့်ငွေကို မပြည့်မီသေးပါက ကျန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ် သိမ်းဆည်းပြီး လေလံတင်ရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင် ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် ငွေထက် ပိုနေပါက ပျက်ကွက်သူပေးသွင်းရမည့်ငွေနှင့် လေလံတင်ရောင်းချရာတွင် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊

(စ) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင် ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့်ငွေကို မပြည့်မီသေးပါက ကျန်ငွေအတွက် ပျက်ကွက်သူအတွက်

အာမခံတင်သွင်းထားသူ၏ ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်းပြီး လေလံတင်ရောင်းချခြင်း၊ လေလံတင်ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် ကျန်ငွေထက်ပိုနေပါက ပျက်ကွက်သူပေးသွင်းရမည့်ကျန်ငွေနှင့် လေလံတင်ရောင်းချရာတွင် ကုန်ကျစရိတ် များကိုနုတ်ယူ၍ ပိုငွေကို အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ်ခြင်း၊

၇၂။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၁ နည်းဥပဒေခွဲ (က)အရ ပျက်ကွက်သူထံ အကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည် -

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့် အတူတကွ နေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးထံသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍မရပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြား၍ ပျက်ကွက်သူ၏ နေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၇၃။ နည်းဥပဒေခွဲ ၇၁ ၊ နည်းဥပဒေခွဲ (က)အရ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) ပျက်ကွက်သူမှ ကြွေးကျန်ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူ ပေးဆောင်ရမည့် ကြွေးကျန်ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊



(ဃ) ပေးဆောင်ရမည့်ကြွေးကျန်ငွေကို မည်သူထံ ပေးဆောင်ရမည်။

၇၄။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကိုလေလံတင် ရောင်းချရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး (၁၅) ရက်ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သောအခွင့်အရေးများရှိသည် စသည့်အချက်များနှင့်တကွ လေလံတင်ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်။

(ဃ) လေလံဆွဲဝယ်မည့်သူ မရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ ကြွေးကျန်ငွေနှင့် လေလံတင်ကုန်ကျစရိတ်အောက် လျော့နည်းလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံ လေလံတင်ရောင်းချရမည်။

(င) လေလံတင်ရောင်းချရရှိသည့်ငွေမှ ရရန်ရှိသော ကြွေးကျန်ငွေနှင့် လေလံတင် ကုန်ကျစရိတ်ကို နုတ်ယူ၍ ဘဏ်သို့ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၇၅။ ကော်မတီသည် ဦးစီးဌာနမှ အစီရင်ခံတင်ပြလာမှုအပေါ် လိုအပ်ပါက ကော်မတီ ဆုံးဖြတ်ချက်ဖြင့် ရယူဆောင်ရွက်နိုင်သည်။

၇၆။ ကော်မတီသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏နယ်မြေအတွင်း ကျရောက်သည့်ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေ ပုဒ်မ ၇ အရ အငှားဂရန် ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူရမည်။

(ခ) သက်ဆိုင်ရာ အစိုးရအဖွဲ့မှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်း လိုသောအချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၇၇။ ကော်မတီသည် ဥပဒေအရပေးအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကော်မတီ၏ ကိုယ်စားဆောင်ရွက်ရန် ကော်မတီ၏ အတွင်းရေးမှူးအား လွှဲအပ် နိုင်သည်။

၇၈။ ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၇၉။ မြို့နယ်ဦးစီးဌာနမှူးသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း (၆၀) အတွင်း ခရိုင်ဦးစီးဌာနမှူး မှတစ်ဆင့် ပြည်နယ်ဦးစီးဌာနမှူးထံ အဆင့်ဆင့်



တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှား ချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေ အနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှု အခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူဆောင်ရွက်မှု အခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်း ထားသောပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှု အခြေအနေ၊

(စ) နောက်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှု အခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ၊

၈၀။ မြို့နယ်ဦးစီးဌာနမှူးသည် အရေးပေါ်စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ရန် အတွက် စစ်ဆေးရေးအဖွဲ့အား အကြောင်းကြားသော်လည်း အချိန်မီလာရောက် နိုင်ခြင်းမရှိကြောင်းနှင့် ဆောင်ရွက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ရရှိပါက မိမိကိုယ်တိုင် ဆောင်ရွက်ပြီး စစ်ဆေးရေးအဖွဲ့ထံ ပြန်လည်အစီရင်ခံနိုင်သည်။

၈၁။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါး ဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူ အား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီ နည်းပညာ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများ

ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၈၂။ (က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ကော်မတီက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင် ယင်းသို့ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုသည့်နေ့ သို့မဟုတ် အမိန့်စာ လက်ခံရရှိသည့်နေ့ မှစ၍ ငါးလုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသမှ (၇) ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ (က) အရ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၃။ ဦးစီးဌာနသည် ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကြုံးမဝင်သော ငါးလုပ်ငန်း ဆိုင်ရာကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၈၄။ ဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာ ဖော်ပြရမည်၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်



ဖော်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားခြင်းမရှိလျှင် ယခင်က လုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၈၅။ ဦးစီးဌာနသည် ရေပေါ်ရေလျှံလုပ်သားများ ရှာဖွေစားသောက်ခွင့်ရှိသော အခွန်လွတ်ငါးဖမ်းကိရိယာ များအရေအတွက်ကို အောက်ပါအတိုင်း ခွင့်ပြုသတ်မှတ်ရမည် -

(က) ရေချိုဒေသအတွက် အောက်ဖော်ပြပါအတိုင်းဖြစ်သည် -

(၁) လက်ထွန် လူတစ်ဦးလျှင် (၃)လက်

(၂) ကိုင်းထောက် လူတစ်ဦးလျှင် (၁၀)ခု

(၃) ထောင်ကျင်း သို့မဟုတ် တိုင်ထောင်ငါးမျှား လူတစ်ဦးလျှင် (၃)ခု

(၄) ငါးမျှားတန်း လူတစ်ဦးလျှင် (ငါးမျှားချိတ် ၂၀ ထက်မပိုရ) (၁)တန်း

(၅) ဘူးမျှော လူတစ်ဦးလျှင် (၃)ခု

(၆) လက်ပစ်ကွန် သို့မဟုတ် ကွန်စိပ် လူတစ်ဦးလျှင် (၁)လက်

(၇) ရင်တွန်း လူတစ်ဦးလျှင် အဝ(၃)တောင်ထက်မပိုရ (၁)ခု

(၈) ပေါ်ခပ် သို့မဟုတ် ရက်သဲ့ အဝန်း ၂ တောင် ထက်မပိုရ လူတစ်ဦးလျှင် (၁)ခု

(၉) မြှုံးငယ်အမျိုးမျိုး (ပုစွန်မြှုံး/ ခရာမြှုံးစသည်) လူတစ်ဦးလျှင် (၂၀)လုံး

(၁၀) မြုံးကြီး (ရေချို)လူတစ်ဦးလျှင် (၃)လုံး

(၁၁) တုပ် သို့မဟုတ် တုပ်ကတုံး လူတစ်ဦးလျှင် (၃)ခု

(၁၂) တစ်စောင်း လူတစ်ဦးလျှင် (၁)ခု

(၁၃) လှံ့ထိုး လူတစ်ဦးလျှင် (၁)ခု

(၁၄) ဂုတ် လူတစ်ဦးလျှင် (၁)ခု

(၁၅) ယက်သဲ့ လူတစ်ဦးလျှင် (၁)ခု

(၁၆) ဆောင်း သို့မဟုတ် ဆောင်အုပ် လူတစ်ဦးလျှင် (၁)လက်

(ခ) ရေချိုရေငန်စပ်ဒေသအတွက် အောက်ပါအတိုင်းဖြစ်သည် -

(၁) ပေါ်ခပ် အဝန်း ၃ တောင် လူတစ်ဦးလျှင် (၁)ခု

(၂) ယက်သဲ့ ထပ်ဝ(၁)လံ လူတစ်ဦးလျှင် (၁)ခု

(၃) ဓမင်းမြုံး လူတစ်ဦးလျှင် (၅)လုံး

အမိန့်အရ

(ပုံ) မျိုးညွန့်
ဝန်ကြီး
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
မွန်ပြည်နယ်အစိုးရအဖွဲ့

ပုံစံ (၁)

**မွန်ပြည်နယ်အစိုးရ**
**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**
**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**
**.......................မြို့**

လေလံကြော်ငြာ

**နည်းဥပဒေ ၅ (ခ)**

ရက်စွဲ၊

အများသိစေရန် ကြော်ငြာလိုက်သည်။

မွန်ပြည်နယ်၊ .............................မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ - ၂၀ ခုနှစ်၊ ၁၃ ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်) ရက်နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့် အညီ ...................................................... နေရာတွင် လေလံရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>လေလံစည်းကမ်းချက်များ</u>

ပုံစံ (၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

နည်းဥပဒေ ၆

သို့

မြို့နယ်ဦးစီးဌာနမှူး

…………………မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

…………………မြို့။

ရက်စွဲ၊

အကြောင်းအရာ။ **ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ ဦး/ဒေါ် ……………………..သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊…………………………………………………

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ……………
…………………………………………………………………………..

၃။ အဘအမည်၊ ……………………………………………………………..

၄။ အလုပ်အကိုင်၊ …………………………………………………………...
(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၅။ နေရပ်လိပ်စာ၊ …………………………………………………………

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊ ………………………………………..

၇။ လေလံတင်ရောင်းချမည့်ရက်၊ ……………………………………………

လျှောက်ထားသူ၏ လက်မှတ်(သို့မဟုတ်)လက်ဝဲလက်မပုံစံ

ပုံစံ (၃)

**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**…………………မြို့**

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

**နည်းဥပဒေ ၉ (က)**

အမှတ်စဉ်- /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊…………………………………………...

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ……………
…………………………………………………………………………..

၃။ အဘအမည်၊ ……………………………………………………………..

၄။ အလုပ်အကိုင်၊ …………………………………………………………...

၅။ နေရပ်၊ ……………………………...…………………………………

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊ …………………………..

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊ …………………………………………

၈။ လေလံဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊ ………………

မြို့နယ်ဦးစီးဌာနမှူး

………………မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

………………မြို့နယ်

ပုံစံ (၄)

**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**.....................မြို့**

**နည်းဥပဒေ ၁၃ (က)**

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊ ........ / .........ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် ............................................

ဂရန်အင်း၏တည်ရှိနေရာ ............................................

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ ............................................

လေလံတင်ရောင်းချသည့်နေရာ ............................................

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့်အင်းခွန်

| နှစ် | အငှားဂရန်ရရှိသူ | အင်းခွန် |
|---|---|---|
| ........................ | ........................ | ........................ |
| ........................ | ........................ | ........................ |

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး

လေလံဆွဲဝယ်ကြသူများ

| စဉ် | လေလံဆွဲဝယ်ရရှိသူအမည် / နိုင်ငံသား / မှတ်ပုံတင်အမှတ် | ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်)(စာဖြင့်) |
|---|---|---|
| ........................ | ........................ | ........................ |
| ........................ | ........................ | ........................ |
| ........................ | ........................ | ........................ |

ယခုသတ်မှတ်သည့်အင်းခွန် ............................................

အငှားဂရန်ရရှိသူအမည် ............................................

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) ............................................

**(အဖွဲ့ဝင်)** **(ဥက္ကဌ)** **(အဖွဲ့ဝင်)**

**ပုံစံ (၆)**

**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**.....................မြို့**

**အငှားဂရန် / နှစ်ရှည်အငှားဂရန်**

**နည်းဥပဒေ ၁၄(ခ) / နည်းဥပဒေ ၂၀(ခ)**

ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား အငှားဂရန် / နှစ်ရှည်အငှားဂရန် ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန် ရရှိသူအမည်၊.......................................................

၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊...............

၃။ နေရပ်လိပ်စာ၊ .......................................................

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ဂရန်အင်းအမည်နှင့်မြို့နယ်၊ ...............
.......................................................

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊ ..........................................

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ ..................................

၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့်အရစ်၊ ................
ငွေပမာဏနှင့် ပေးဆောင်ရမည့်နေ့၊ ..........................................

၈။ အင်းခွန် ............................ကို ................................မြို့ မြန်မာ့စီးပွားရေးဘဏ် ( )နေ့စွဲပါ ချလံအမှတ် ( ) အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

ရုံးတံဆိပ်

ခရိုင်ဦးစီးဌာနမှူး

...............ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

................မြို့

ပုံစံ (၆)

**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**......................မြို့**

**အငှားဂရန် / နှစ်ရှည်အငှားဂရန်**

**နည်းဥပဒေ ၁၄ (ခ) / နည်းဥပဒေ ၂၀(ခ)**

ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား အငှားဂရန် / နှစ်ရှည်အငှားဂရန် ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်၊........................................................

၂။ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊................

၃။ နေရပ်လိပ်စာ၊..................................................................

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊.....................

.......................................................................................

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊..............................................

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊.....................................

၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့်အရစ်၊...................

ငွေပမာဏနှင့်ပေးဆောင်ရမည့်နေ့၊.............................................

၈။ အင်းခွန်.................... ကို ........................................မြို့ မြန်မာ့စီးပွားရေးဘဏ် ( ) နေ့စွဲပါ ချလံအမှတ် ( )အရ ငွေပြေပေးသွင်းပြီး ဖြစ်ပါသည်။

ရုံးတံဆိပ်

**ခရိုင်ဦးစီးဌာနမှူး**

**..................ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**

ပုံစံ (၇)

**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**......................မြို့**

တင်ဒါကြော်ငြာ

**နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (ဂ)၊ (စ)**

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အများသိစေရန် ကြော်ငြာလိုက်သည်။

မွန်ပြည်နယ်၊ ..................မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက်များအား (၂၀ - ၂၀ ) ခုနှစ်၊ ၁၃ ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်) ရက်နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါ တင်ဒါစည်းကမ်းချက်များနှင့် အညီ ......................................... နေရာတွင် ချိတ်ပိတ်တင်ဒါဈေးနှုန်းတင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>တင်ဒါစည်းကမ်းချက်များ</u>

**တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ**

**နည်းဥပဒေ ၂၄**

သို့

မြို့နယ်ဦးစီးဌာနမှူး

…………………မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

…………………မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း**

ကျွန်တော် / ကျွန်မ ဦး / ဒေါ် …………………………………. သည် ငါးလုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊…………………………………………………

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ……………
…………………………………………………………………………..

၃။ အဘအမည်၊ ……………………………………………………………..

၄။ နေရပ်လိပ်စာ၊ ………………………………………………………...

၅။ အလုပ်အကိုင်၊ ……………………………………………………
(ယခင်နှစ်ကတင်ဒါလိုင်စင်ရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ …………………………..

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊ ……………………………………………

လျှောက်ထားသူ၏ လက်မှတ်(သို့မဟုတ်)လက်ဝဲလက်မပုံစံ



**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**…………………မြို့**

**တင်ဒါဆွဲဝယ်ခွင့်လက်မှတ်**

**နည်းဥပဒေ ၂၇ (က)**

အမှတ်စဉ်- …………/ ………

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊…………………………………………....

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ……………

၃။ အဘအမည်၊ ……………………………………………………………..

၄။ နေရပ်လိပ်စာ၊ ………………………………………………………...

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ……………………

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး(ဂဏန်းဖြင့်)၊ …………….
(စာဖြင့်)………………………………………………………………

မြို့နယ်ဦးစီးဌာနမှူး

………………မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

………………မြို့နယ်

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်း မပြုပါ။

**(အဖွဲ့ဝင်)** **(ဥက္ကဋ္ဌ)** **(အဖွဲ့ဝင်)**

ပုံစံ (၁၀)

**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**......................မြို့**

**တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊ ........../ ...........**

**နည်းဥပဒေ ၃၂ (က)**

တင်ဒါငါးဖမ်းကွက်အမည် ..............................................................

တင်ဒါငါးဖမ်းကွက် တည်ရှိတည်နေရာ.................................................

တင်ဒါချထားသည့်နေ့.....................................................................

<u>ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့်တင်ဒါကြေး</u>

| နှစ် | တင်ဒါလိုင်စင်ရရှိသူ | တင်ဒါကြေး |
|---|---|---|
| ...... | ...... | ...... |
| ...... | ...... | ...... |
| ...... | ...... | ...... |

<u>ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ</u>

လေလံဆွဲဝယ်ကြသူများ

| စဉ် | တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ မှတ်ပုံတင်အမှတ် | တင်ဒါကြေး (ဂဏန်းဖြင့်)(စာဖြင့်) |
|---|---|---|
| ...... | ...... | ...... |
| ...... | ...... | ...... |

ယခုသတ်မှတ်သည့်တင်ဒါကြေး ..................................................

တင်ဒါလိုင်စင်ရရှိသူအမည် ..............................................

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) ..................................................

**(အဖွဲ့ဝင်)** **(ဥက္ကဋ္ဌ)** **(အဖွဲ့ဝင်)**

ပုံစံ (၁၂)

**မွန်ပြည်နယ်အစိုးရ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**......................မြို့**

**တင်ဒါလိုင်စင်**

**နည်းဥပဒေ ၃၃ (ခ)**

**လိုင်စင်အမှတ်၊ ............................**

**ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်**

ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား တင်ဒါလိုင်စင်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည်၊ ..................................................

၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ .............

၃။ နေရပ်လိပ်စာ၊ ..............................................................

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တင်ဒါငါးဖမ်းကွက်အမည်နှင့်မြို့နယ်၊ ...... ..............................................................

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊ ..........................................

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာ၊ အမျိုးအစား၊ လုံးရေနှင့်အတိုင်းအတာ၊ ...... ..............................................................

၇။ တင်ဒါကြေးနှင့်လိုင်စင်ခ ................ ကို ............................နေ့စွဲပါ ချလံအမှတ် ( )ဖြင့် ...........................ဘဏ်သို့ပေးသွင်းပြီး ဖြစ်ပါသည်။

ရုံးတံဆိပ်

**ခရိုင်ဦးစီးဌာနမှူး**

**..................ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**

**...................... မြို့**

ပုံစံ (၁၃)

**ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ**

**နည်းဥပဒေ ၃၇**

**သို့**

**မြို့နယ်ဦးစီးဌာနမှူး**

**...................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန**

**...................မြို့။**

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည်၊ ....................................................

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ..............

၃။ အဘအမည်၊ ....................................................

၄။ နေရပ်လိပ်စာ၊ ....................................................

၅။ အလုပ်အကိုင်၊ ....................................................

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊ ..............................................

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ........................................

| ငါးဖမ်းကိရိယာအမည် | အတိုင်းအတာ | အရေအတွက် |
|---|---|---|
| .................................. | (က)အလျား | ........................................ |
| .................................. | (ခ) အနံ | ........................................ |
| .................................. | (ဂ) စောက် | ........................................ |
| .................................. | (ဃ) ထိပ်ဝ | ........................................ |
| .................................. | (င) အခြား | ........................................ |

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊ ....................................................

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် ဝဲလက်မလက်ဗွေ

ပုံစံ (၁၅)

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး**

**...................မြို့**

**ငါးဖမ်းကိရိယာလိုင်စင်**

**(နည်းဥပဒေအပိုဒ် ၄၀ (က) )**

**( လိုင်စင်ခတန်ဖိုးသည် ကျပ်ဖြစ်သည်။)**

မြို့နယ်- ခုနှစ်၊ အမှတ်စဉ်

| | | |
|---|---|---|
| လိုင်စင်ရရှိသူအမည် | - | |
| အမျိုးသားမှတ်ပုံတင်အမှတ်/ | - | |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - | |
| နေရပ်လိပ်စာ | - | |
| ကိရိယာရုံးသုံးအမည် | - | |
| ဒေသအခေါ်အဝေါ် | - | |
| ကိရိယာအတိုင်းအတာ | - | |
| နေရာ | - | |
| အထူးကန့်သတ်ချက်များ | - | |

မှတ်ချက် ဤလိုင်စင်သည် အထက်ဖော်ပြပါ ကိရိယာ/ အထက်ဖော်ပြပါ ကိရိယာများ လုပ်ကိုင်သည့် လေ့တစ်စင်း အတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

နေ့စွဲ၊

ပုံစံ (၅)

# ဂရန်အင်းလေလံတင်ရောင်းချပြီးစီးကြောင်းတင်ပြစာ

( နည်းဥပဒေအပိုဒ် ၁၄ (က) )

ပြည်နယ်

................ခရိုင်၊ .................မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင်ပါဝင်သူများ၊

| စဉ် | ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ | ၅ နှစ်ပျမ်းမျှဈေး | ယခင်နှစ်ဈေး | ယခုနှစ်လေလံဈေး | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

(အဖွဲ့ဝင်) (ဥက္ကဋ္ဌ) (အဖွဲ့ဝင်)

နေ့စွဲ၊

ပုံစံ (၁၁)

# တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

( နည်းဥပဒေအပိုဒ် ၃၃ (က) )

.........................ပြည်နယ်

................ခရိုင်၊ .................မြို့နယ်

တင်ဒါလိုင်စင်ချထားခြင်း ပြီးစီးကြောင်းတင်ပြစာ

တင်ဒါချထားသည့်နေ့စွဲ ၊

တင်ဒါချထားသည့်နေရာ ၊

| စဉ် | တင်ဒါအင်းအမည်နှင့် ဆွဲဝယ်သူ | ၅ နှစ်ပျမ်းမျှဈေး | ယခင်နှစ်ဈေး | ယခုနှစ်တင်ဒါများ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

(အဖွဲ့ဝင်) (ဥက္ကဋ္ဌ) (အဖွဲ့ဝင်)

နေ့စွဲ၊

ပုံစံ (၁၄)

## ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း

## ( နည်းဥပဒေအပိုဒ် ၃၈ (က) )

## ပြည်နယ်/တိုင်း၊ ................ခရိုင်၊ .................မြို့နယ်

| စဉ် | လိုင်စင်လျှောက်ထားသူ အမည်နှင့် | နေရပ်လိပ်စာ | ရုံးသုံးအမည် | ယခုတင်ဒါ | | | | | နေရာ | လိုင်စင်ခ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဇယားပါ အမှတ်စ | ဒေသ အခေါ် | ခွင့်ပြုသည့် | | | | | |
| | | | | | | အလျား | အနံ | စောက် | | | |
| | | | | | | | | | | | |

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၆)

## ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

## ( နည်းဥပဒေအပိုဒ် ၄၀ (ခ) )

## ................ခရိုင်၊ .................မြို့နယ်

| စဉ် | လိုင်စင်ရရှိသူအမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | နေရပ်လိပ်စာ | လိုင်စင်အမှတ်စဉ် အမှတ် | ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အမှတ်စဉ် | ငါးဖမ်းကိရိယာ အတိုင်းအတာ | လိုင်စင်ခ | ထုတ်ပေးထားသည့် လိုင်စင်ပုံစံတန်ဖိုးနှင့် ရွက်ရေ |
|---|---|---|---|---|---|---|---|
| | | | | | | | |

ပုံစံ (၁၇)

## ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်

( နည်းဥပဒေအပိုဒ် ၄၅ (က) )

.................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လိုင်စင်တန်ဖိုး ...............................

| စဉ် | လက်ခံ ရရှိသည့်နေ့ | ရွက်ရေ | တန်ဖိုး | အသုံး ပြုသည့်နေ့ | ရွက်ရေ | တန်ဖိုး | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

ပုံစံ (၁၈)

## ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံတင်

( နည်းဥပဒေအပိုဒ် ၄၅ (ခ) )

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန .................. ခုနှစ်

| စဉ် | လိုင်စင် ရရှိသူ အမည် | အမျိုးသားမှတ်ပုံတင် အမှတ်/ နိုင်ငံသားစိ စစ်ရေးကတ်ပြား အမှတ် | လိုင်စင် အမှတ် | လိုင်စင် ထုတ်ပေး သည့်နေ့စွဲ | ငါးဖမ်း ကိရိယာ အမျိုး အစား | ငါးဖမ်း ကိရိယာ အတိုင်း အတာ | ငါးဖမ်း ကိရိယာ လိုင်စင်ခ နှုန်းထား | ထုတ်ပေး ထားသည့် လိုင်စင်ပုံစံ တန်ဖိုးနှင့်ရွက်ရေ | လိုင်စင်ခ ရရှိသည့် နေ့ရက် | ဘဏ်သို့ ပေးသွင်း သည့် နေ့ရက် | ငါးဖမ်းခွင့် ပြုသည့် နေရာ ဒေသ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

ပုံစံ (၁၉)

# ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း

## ( လုပ်ထုံးလုပ်နည်းများအပိုဒ် ၄၆ )

**......................ခုနှစ်၊ ........................ လ**

**မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန** **လိုင်စင်တန်ဖိုး ............................**

| စဉ် | လက်ခံရရှိသည့်နေ့ | ရှက်ရေ | တန်ဖိုး | စဉ် | ယခင်လလက်ကျန် | ယခုလအသုံးပြုသည့်နေ့ | လိုင်စင်ရရှိသူ အမည် အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်နေရပ်လိပ်စာ | ငါးဖမ်းကိရိယာအမျိုးအစားနှင့်အတိုင်းအတာ | လိုင်စင်ခ | ထုတ်ပေးသည့်လိုင်စင်ပုံစံရှက်ရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

**မြို့နယ်ဦးစီးဌာနမှူး**